# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 17, 2025 Volume 94, Number 13

၁၇. ၉.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၈၈.၆၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၄.၉၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၆၆.၇၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၁.၄၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၅၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၃၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၁.၁၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၁၉ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## MSME များ ကုန်ထုတ်လုပ်ငန်းကြီးများနှင့် ချိတ်ဆက်ရန်လို




အသေးစား၊ အငယ်စား၊အလတ်စား စီးပွားရေးလုပ်ငန်း(MSME)တွေအနေနဲ့ သီးခြားရပ်တည်မနေဘဲ အကြီးစား စက်မှုကုန်ထုတ်လုပ်ငန်းကြီးတွေနဲ့ ချိတ်ဆက်လုပ်ကိုင်နိုင်ဖို့ လိုအပ်တယ်လို့ စီးပွားရေးပညာရှင်တွေကပြောပါတယ်။

MSME လုပ်ငန်းတွေဟာ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျောရိုးဖြစ်ပြီး နိုင်ငံတကာမှာ MSME လုပ်ငန်းတွေဟာ ကုမ္ပဏီကြီးတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေကြတာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ MSME လုပ်ငန်းအများစုဟာကုန်ထုတ်လုပ်ငန်းကြီးတွေနဲ့ ချိတ်ဆက်မှုအပိုင်းမှာအားနည်းနေသေးတာကြောင့် ဈေးကွက်နဲ့နည်းပညာစတာတွေ ဖန်တီးပေးဖို့ လိုအပ်တယ်လို့ စီးပွားရေးပညာရှင် ဦးအောင်ထူးက အကြံပြုပြောပါတယ်။

မြန်မာ့MSMEsလုပ်ငန်းအများစုမှာငွေအရင်းအနှီး၊နည်းပညာ၊ကျွမ်းကျင်မှု၊ ဈေးကွက်မရှိလို့ ကုန်ထုတ်စွမ်းအား လျော့ကျတာနဲ့ လျှပ်စစ်လုံလောက်မှုမရှိတဲ့ အခက်အခဲတွေနဲ့ ရင်ဆိုင်နေကြရတယ်လို့ ဆိုပါတယ်။

ဒီလို အခက်အခဲတွေကြောင့် ပိုဂရုစိုက်ဖို့ လိုအပ်ပြီး လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကူညီပေးနိုင်မဲ့ နည်းလမ်းတွေကို စဉ်းစားဖို့ လိုအပ်တယ်လို့ စီးပွားရေးပညာရှင် ဒေါက်တာအောင်ထွန်းသက်ကလည်း ပြောပါတယ်။

မန္တလေးလျှင်ဒဏ်သင့်ဒေသတွေမှာ MSMEတော်တော်များများထိခိုက်ခဲ့ရပြီး လျှင်ကြောင့် ပြည်တွင်း အသားတင်ထုတ်ကုန်(GDP) ၂ ဒသမ ၆ ဘီလီယံ ကျဆင်းနိုင် တယ်လို့ ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသလို နိုင်ငံတော်အစိုးရကလည်း ၁ ဘီလီယံ လောက် ကျဆင်းနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

လျှော်အလွှန်ကာလမှာ ဆောက်လုပ်ရေးလုပ်ငန်းတွေ ပြန်လည်လုပ်ဆောင်ကြမယ်ဆိုရင် လာမဲ့နှစ်တွေမှာ မြန်မာ့စီးပွား ရေးက ၃ ရာခိုင်နှုန်းလောက် မြင့်တက်နိုင်တယ်လို့လည်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပါတယ်။

ဒါဟာ မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့ဖို့အတွက် အခွင့်အလမ်းတစ်ခုဖြစ်တာကြောင့် ဘဏ်တွေကလိုအပ်တဲ့ ချေးငွေတွေ ကို ထုတ်ချေးပေးနိုင်မယ်ဆိုရင် ကမ္ဘာ့ဘဏ်မျှော်မှန်းထားတဲ့တိုင်း တက်လာနိုင်မှာဖြစ်တယ်လို့ စီးပွားရေး ပညာရှင် ဦးအောင်ထူး က ပြောပါတယ်။

ထို့ပြင် မြန်မာနိုင်ငံ ထွက်ကုန်တွေကို ကုန်ကြမ်းအပြင် တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်တင်ပို့နိုင်ရင် ပို့ကုန်ဝင်ငွေ ပိုမို လာရှိလာမှာဖြစ်ပြီး Made In Myanmar ထုတ်ကုန်တွေ ထုတ်လုပ်နိုင်ဖို့လည်း လိုအပ်တယ်လို့ ဆိုပါတယ်။

**Source :** https://onenewstvchannel.com/

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ကြက်သွန်နီနှင့် ကြက်သွန်ဖြူ ဧက ၁၀၀၀ ကျော် လျာထားစိုက်ပျိုးမည်



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီနှင့်ကြက်သွန်ဖြူဧက ၁၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီ ၁၁၂၅ ဧက၊ ကြက်သွန်ဖြူ ၂၈ ဧက စုစုပေါင်း ၁၁၅၃ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင် စိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ ကြက်သွန်နီ ၁၁၂၅ ဧက နဲ့ ကြက်သွန်ဖြူ ၂၈ ဧက စုစုပေါင်း ၁၁၅၃ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ သတ်မှတ်လျာထားဧကပြည့်မီအောင်စိုက်ပျိုးမှာဖြစ်ပြီး တောင်သူတွေကို အထွက်နှုန်းတိုးတက် စေဖို့နဲ့ စားသုံးသူတွေ အစားအစာဘေးကင်းလုံခြုံစေဖို့ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေရွေးချယ်စိုက်ပျိုးနိုင်ဖို့ စိုက် ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း(GAP)စနစ်နဲ့အညီ စိုက်ပျိုးနိုင်အောင် စိုက်ပျိုးရေးနည်းပညာပေးတာတွေ ပံ့ပိုးကူညီ ဆောင်ရွက်ပေးမှာပါ"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်း ကြက်သွန်နီ နှင့်ကြက်သွန်ဖြူစိုက် တောင်သူများကို စိုက်ပျိုး ရေးဦးစီးဌာနမှ ဝန်ထမ်းများက အထွက်နှုန်းကောင်းမွန်စေရေး၊ အစားအစာဘေးကင်းလုံခြုံသော အရည်အသွေးကောင်း ကြက်သွန်များ စိုက်ပျိုးထွက်ရှိရေး စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးဆွေးနွေးပွဲများနှင့် စိုက်နည်းစနစ်မှန်ကန်ရေး ကွင်း သရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်းအပြင် ပိုးမွှားရောဂါမကျရောက်စေရန် ကာကွယ်နှိမ်နင်းရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

စားဖိုဆောင်သီးနှံဖြစ်သည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားရေရိက္ခာဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သောကြောင့် ကြက်သွန်နီ၊ ကြက်သွန်ဖြူစားဖိုဆောင်သီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင် ရွက်သင့်ကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/n

## ကုန်ကြမ်းဈေးကြောင့် မီးပုံးလုပ်ကိုင်သူ နည်းလာ



ကုန်ကြမ်းဝယ်ယူစရိတ် ကြီးမြင့်တာကြောင့် မြန်မာ့ရိုးရာ မီးပုံးလုပ်ကိုင်သူ နည်းပါးသွားပေမဲ့ ဆက်လက်လုပ်ကိုင်သူတွေရှိနေသေးတယ်လို့ မန္တလေးမြို့က မီးပုံးလုပ်ကိုင်သူအချို့က ပြောပါတယ်။

မီးပုံးတွေကို သီတင်းကျွတ် မတိုင်မီနဲ့ သီတင်းကျွတ်ကာလတွေမှာ ရောင်းချဖို့ အတွက် နှစ်စဉ် တန်ခူးလကုန်ကဆုန်လဆန်းလောက်မှစတင်လုပ်ဆောင်ကြပြီး အဓိကမန္တလေးမြို့တွင်းနဲ့နယ်ပယ်ဒေသတွေကို ရောင်းချရတယ်လို့ ဆိုပါတယ်။

အရင်နှစ်တွေက ကုန်ကြမ်းပစ္စည်းတွေ ဝယ်ယူရလွယ်ကူပေမဲ့အခုနှစ်မှာကုန်ကြမ်းပစ္စည်းတွေ ဝယ်လို့မလွယ်ကူတဲ့ အတွက် မီးပုံးလုပ်ကိုင်သူတွေ နည်းသွားပေမဲ့ ဝယ်ယူသူများတဲ့အတွက် အရောင်းအဝယ်ကောင်းတယ်လို့ မန္တလေးမြို့က မီးပုံးလုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

လက်ရှိမှာတော့ မီးပုံးအမျိုးပေါင်း ၁၈ မျိုးကျော်လောက် ထုတ်လုပ်နေပြီး လက်လီလက်ကား ရောင်းချပေးနေတာပါ။ မီးပုံးပြုလုပ်ရာမှာ အမျိုးအစားပေါ်မူတည်ပြီး ကျပ် ထောင်ဂဏန်းကနေ တစ်သောင်းကျော်အထိ လက်ခ ရရှိပါတယ်။

မီးပုံးလုပ်တဲ့ အတတ်ပညာတွေကို သင်ကြားလိုရင်လည်း အခမဲ့သင်ကြားပေးသွားမယ်လို့ မီးပုံးလုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။ မကြာခင်မှာ မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော် ကျင်းပတော့မှာ ဖြစ်တဲ့အတွက် ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာအတိုင်း ဆီမီးထွန်းတာ၊ မီးပုံးတွေနဲ့ အလှဆင်တာနဲ့ ကလေးသူငယ်တွေက မီးပုံးအရုပ်တွေအတွင်း ဆီမီးတွေထွန်းကာ ဆော့ကစားတာတွေ ပြုလုပ်ကြပါတယ်။

**Source :** https://onenewstvchannel.com/

## မြေပဲဆန်များ အရောင်းအဝယ်သွက်နေ



စက်တင်ဘာလတတိယပတ်တွင်မန္တလေးကုန်စည်ဒိုင်၌မြေပဲဆန်များဈေးငြိမ်ပြီးအရောင်းအဝယ်သွက်နေကြောင်းသိရသည်။

S1 လုံးဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၇၅၀၀ မှ ၈၃၀၀၊ ယခင်တစ်ပတ် ကျပ် ၇၃၅၀မှ ၇၆၀၀၊ ယခင်လ ကျပ် ၇၇၀၀မှ ၇၈၀၀ ဖြစ်သည်။

ယခင်တစ်ပတ်ထက်ကျပ် ၁၅၀ မှ ၇၀၀ ခန့် ဈေးမြင့်တက်လာပြီး၊ ယခင်လထက် အနိမ့်စ ၂၀၀ ကျပ် ဈေးနိမ့်လာကာ၊ အမြင့်စ ၅၀၀ ကျပ်ခန့် ဈေးမြင့်တက်လာသည်။

S1 ဆီဆန် တစ်ပိဿာလျှင်  ယခုတစ်ပတ် ကျပ် ၆၉၀၀ မှ ၇၇၀၀၊ ယခင်တစ်ပတ် ကျပ်  ၇၃၀၀ မှ ၇၅၀၀ ၊ ယခင်လ ကျပ်  ၇၀၀၀ မှ ၇၅၀၀ ဖြစ်ခဲ့သည်။

ယခင်တစ်ပတ်ထက် အနိမ့်စ ၄၀၀ကျပ် ဈေးနိမ့်လာပြီး၊ အမြင့်စ ၂၀၀ ကျပ်ဈေးမြင့်လာကာ၊ ယခင်လထက် အနိမ့်စ ၁၀၀ ကျပ် ဈေးနိမ့်ကျလာပြီး၊ အမြင့်စ ၂၀၀ကျပ် ခန့်ဈေးမြင့်တက်လာသည်။

အနီလုံးဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၇၃၀၀ မှ ၇၅၀၀ ၊ ယခင်တစ်ပတ် ကျပ် ၇၁၀၀ မှ ၇၂၀၀ ၊ ယခင်လ ကျပ် ၇၃၀၀ မှ ၇၄၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀ မှ ၃၀၀ခန့် ဈေးမြင့်တက်လာပြီး၊ ယခင်လထက် အနိမ့်စ ဈေးငြိမ်နေကာ၊ အမြင့်စ ၁၀၀ ကျပ်ခန့် ဈေးမြင့်တက်လာသည်။

အနီဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၆၉၀၀ မှ ၇၂၀၀၊ ယခင်တစ်ပတ်ကျပ် ၆၉၀၀မှ ၇၁၀၀၊ ယခင်လကျပ် ၆၈၀၀ မှ ၇၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် အနိမ့်စဈေးငြိမ်နေပြီး၊ အမြင့်စ ၁၀၀ ကျပ်၊ ယခင်လထက် ကျပ် ၁၀၀ မှ ၂၀၀ ကျပ်ခန့်ဈေးမြင့်တက်လာသည်။

**Source :** https://myantrade.gov.mm/

## ညော့်မထဆန်၊ ဆန်ကွဲနှင့်ဖွဲနုဈေးများကျဆင်း၍ ပေါ်ဆန်းမွှေးဆန်ဈေး တည်ငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက် ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ၈.၉.၂၀၂၅ ရက်နေ့တွင် ညော့်မထဆန်(မနေသုခ)(ဟောင်း)တစ်အိတ် ၆၅,၀၀၀ကျပ်၊ ညော့်မထဆန်(မနေသုခ)(သစ်)တစ်အိတ် ၅၅,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန် တစ်အိတ် ၁၀၀,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2) တစ်အိတ် ၄၅,၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၄၂,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၇,၆၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

၁၅.၉.၂၀၂၅ရက်နေ့တွင် ညော့်မထဆန်(မနေသုခ)(ဟောင်း)တစ်အိတ် ၆၀,၀၀၀ကျပ်၊ ညော့်မထဆန်(မနေသုခ)(သစ်)တစ်အိတ် ၅၁,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၀၀,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၄၃,၀၀၀ကျပ်၊ ဆန်ကွဲB(2,3,4) တစ်အိတ် ၄၀,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၅,၂၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ညော့်မထဆန်(မနေသုခ)(ဟောင်း)တစ်အိတ် ၅၀၀၀ ကျပ်၊ ညော့်မထဆန် (မနေသုခ)(သစ်)တစ်အိတ်၄၀၀၀ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၂၀၀၀ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၂၀၀၀ကျပ်နှင့် ဖွဲနု တစ်အိတ် ၂၄၀၀ကျပ် ဈေးများကျဆင်းကာ ပေါ်ဆန်းမွှေး ဆန်ဈေး တည်ငြိမ်လျက်ရှိသည်။ ညော့်မထဆန်၊ ဆန်ကွဲနှင့် ဖွဲနုဈေးများကျဆင်းသွားခြင်းမှာ ကုန်ကြမ်းများပြီးဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားခြင်းဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံက သိရသည်။

**Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## မလေးရှားနိုင်ငံမှတစ်ဆင့် ဟာလာဈေးကွက်များသို့ တင်ပို့မှုတိုးချဲ့ရန် ဗီယက်နမ်စိတ်ဝင်စား




ဗီယက်နမ်သည် ကမ္ဘာ့ဟာလာဈေးကွက်သို့ဝင်ရောက်ရန် မဟာဗျူဟာမြောက်ဂိတ်တံခါးတစ်ခုဟု ရှုမြင်ထားသည့် မလေးရှားမှ တစ်ဆင့် ဟာလာဈေးကွက်များသို့တင်ပို့မှုအရှိန်မြှင့်တင်ရန် ကြိုးပမ်းနေကြောင်း ဟိုချီမင်းမြို့တွင် ကျင်းပခဲ့သည့် စီးပွားရေးဖိုရမ်တွင် ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်နှင့် မလေးရှားကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၂ ဘီလီယံထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၏ပထမနှစ်ဝက်တွင် အပြန်အလှန်ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ၇ ဘီလီယံဖြင့် ၂၀၂၄ ခုနှစ် တူညီသည့်ကာလနှင့်နှိုင်းယှဉ်ပါက ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

မလေးရှား၏စားသုံးမှုအလေ့အထသည် ဗီယက်နမ်နှင့်နီးစပ်ပြီး အာဆီယံနှင့် CPTPP သဘောတူညီချက်များအောက်တွင် ကုန်သွယ်ရေးအတား အဆီးများနည်းပါးမှုကြောင့် ကြီးထွားရန်အတွက် သိသာထင်ရှားသောအခန်း ကဏ္ဍရှိနေကြောင်း တာဝန်ရှိသူများက ရှုမြင်ကြသည်။

၂၀၃၀ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာဟာလာဈေးကွက်သည် အမေရိကန်ဒေါ်လာ ၅ ထရီလီယံထိရောက်ရှိပြီး မလေးရှား၏ ဝေစုမှာ အမေရိကန်ဒေါ်လာ ၁၁၃ ဒသမ၂ ဘီလီယံ ရှိရန်ခန့်မှန်းရကြောင်း သိရသည်။

မလေးရှားကုန်သွယ်မှုမြှင့်တင်ရေးအေဂျင်စီက ၎င်းတို့၏ အဆင့်မြင့်စီးပွားရေးဝန်းကျင်ကို အသားပေးပြောကြားခဲ့ပြီး ဗီယက်နမ်လုပ်ငန်းများအား၎င်းတို့၏ ကုန်သွယ်ရေးမိတ်ဖက် ၂၀၀ ကျော်ရှိသည့်ကွန်ရက်ကိုဝင်ရောက်ရန် ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။

အစိုးရမဟာဗျူဟာပံ့ပိုးမှုဖြင့် ဗီယက်နမ်ဟာလာလုပ်ငန်းနယ်ပယ်သည် ၂၀၃၀ ခုနှစ်တွင် ယုံကြည်စိတ်ချရသော ကမ္ဘာလုံး ဆိုင်ရာဟာလာအချက်အချာဖြစ်လာရန် ရည်ရွယ်ထားကြောင်း သိရသည်။

ကျွမ်းကျင်သူများက ဗီယက်နမ်အား အဓိကဟာလာအသိ အမှတ်ပြုသူများနှင့် အပြန်အလှန်အသိအမှတ်ပြုသဘောတူညီ ချက်များရယူရန်နှင့် ဟာလာစက်မှုဇုန်များနှင့် ထောက်ပံ့ပို့ဆောင်ရေးအချက်အချာများတည်ထောင်ကာ ဗီယက်နမ်ဟာလာ အသိအမှတ်ပြုအမှတ်တံဆိပ်များတည်ထောင်ရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

လူသားအရင်းအမြစ်လေ့ကျင့်ရေးနှင့် တက္ကသိုလ်-စက်မှုလုပ်ငန်းအားကောင်းသောချိတ်ဆက်မှုကိုလည်း အသားပေးရမည် ဟု သိရသည်။

Maybank မလေးရှား၏ ဟာလာထုတ်ကုန်ညွှန်ကြားရေးမှူး Shariza Abdul Rasheed က ဗီယက်နမ်၏ ဟာလာအသိ အမှတ်ပြုအေဂျင်စီကို မလေးရှား အစ္စလာမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကအသိအမှတ်ပြုသည့်အတွက် မလေးရှား၏ ဖြန့်ဖြူးမှု စနစ်သို့ ဝင်ရောက်ရန် လွယ်ကူစေနိုင်ကြောင်း ပြောကြားခဲ့သည်။

စီးပွားရေးလုပ်ငန်းများကိုလည်းအဓိကဟာလာကုန်သွယ်ရေးပွဲအခမ်းအနားများသို့ပူးပေါင်းရန်တိုက်တွန်းခဲ့ကြောင်း သိရသည်။

မလေးရှား၏ Salaam Market နှင့် စီးပွားရေးချိတ်ဆက်မှုပရိုဂရမ်များအစရှိသည့် e-commerce ပလက်ဖောင်းများသည် ဗီယက်နမ်ထုတ်လုပ်သူများကို မလေးရှားမိတ်ဖက်များနှင့် ချိတ်ဆက်ကာ ၂၀၃၀ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်ရေးရည်မှန်းချက် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံရရှိရန် ကူညီပေးနိုင်မည်ဟု သိရသည်။

**Source : Vietnam Plus**

**DOCA (ရန်ကုန်)**

https://www.doca.gov.mm/

## သရက်သီးတင်ပို့မှုမြှင့်တက်အောင် ဆောင်ရွက်နေသော ပါကစ္စတန်နိုင်ငံ



ကမ္ဘာ့ဆဋ္ဌမမြောက် သရက်သီးအများဆုံးတင်ပို့သည့် ပါကစ္စတန်နိုင်ငံသည် အမျိုး ပေါင်း ၂၀၀ ကျော်ရှိသော်လည်း ၎င်း၏ကြွယ်ဝမှုကို ပို့ကုန်တိုးတက်မှုအဖြစ် ပြောင်းလဲရန် ရုန်းကန်နေရဆဲဖြစ်သည်။

လွန်ခဲ့သည့်နှစ်များအတွင်း နှစ်စဉ် သရက်သီးတန်ချိန် ၁ ဒသမ၂ သန်းခန့် ထွက်ရှိပြီး နိုင်ငံသည် ၎င်း၏ထွက်ကုန်၏ ၁၀ ရာခိုင်နှုန်းခန့်

သာတင်ပို့နေရဆဲဖြစ်သည်။မြင့်မားသောထုတ်လုပ်မှုကုန်ကျစရိတ်နှင့်အရည်အသွေးမမီမှုများသည်တိုးတက်မှုကို အဟန့်အတား ဖြစ်စေသည်။ Pakistan Horticulture Development & Export Board Manager Khawar Nadeem က ခေတ်မမီတော့သော လယ်ယာစိုက်ပျိုးရေး အလေ့အကျင့်များကြောင့် သရက်သီးများ၏ ၃၀ ရာခိုင်နှုန်းအထိ စိုက်ပျိုးမြေများမှ စားသုံးသူများထံသို့ ဆုံးရှုံးသွားကြောင်း ပြောကြားခဲ့သည်။

တစ်ဧကလျှင် အပင် ၄၀ မှ ၆၀ အကြားရှိသော သမားရိုးကျ ပါကစ္စတန်တန်စိုက်ခင်းများနှင့်မတူဘဲ ဩစတြေးလျနှင့် အီဂျစ်ကဲ့ သို့ နိုင်ငံများသည် သိပ်သည်းဆမြင့်သောစိုက်ပျိုးမှု၊ သာလွန်ကောင်းမွန်သောအမြစ်များနှင့် ဖန်လုံအိမ်တည်ဆောက်မှုတို့ကိုအသုံးပြုကာ တစ်ဧကလျှင် အပင် ၆၀၀ အထိ စိုက်ပျိုးကြသည်။ ခေတ်မီနည်းပညာများနှင့် ဥယျာဉ်ခြံများအား ပိုမိုဆောင်ရွက်ပေးနိုင်ပါက အထွက်နှုန်းတိုးလာနိုင်ကြောင်း Nadeem က ဆိုသည်။

ထို့အတွက်ကြောင့် ပိုးမွှားများ၊ ရောဂါများနှင့် ပိုးမွှားများ ညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာသော ပျိုးခင်းများ၏ အရည်အသွေး ကျဆင်းမှုကို ထေမိရန် ဖန်လုံအိမ်များကဲ့သို့သော ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်မှုဆိုင်ရာ အဆောက်အအုံများ တည်ထောင်ခြင်းနှင့် မျိုးရိုးဗီဇဆိုင်ရာ အင်ဂျင်နီယာပညာများကို ပိုမိုအသုံးပြုရန် လိုအပ်လျက်ရှိသည်။ တစ်ချိန်တည်းတွင် ပါကစ္စတန် ၏ မြေဆီလွှာအခြေအနေနှင့် ပိုမိုကောင်းမွန်၍ လိုက်လျောညီထွေရှိသော ပေါင်းတင်မျိုးကွဲများကို မိတ်ဆက်ပေးရန် လိုအပ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

လျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ မြေနှင့်မှတ်ပုံတင်ခများ မြင့်မားကြောင်း ထိုလုပ်ငန်းကို အမှန်တကယ်ဖြစ်ထွန်းစေလိုလျှင် မှတ်ပုံတင်သော လုပ်ငန်းစဉ်များအား ဖြေလျှော့သင့်ကြောင်း Bahauddin Zakariya တက္ကသိုလ် ဒုတိယအဓိပတိ ဒေါက်တာ Muhammad Zubair Iqbal က ကုန်ကျစရိတ်များနှင့် ပတ်သက်၍ ထောက်ပြခဲ့သည်။

ပါကစ္စတန်၏ သရက်သီးကဏ္ဍသည် အမြတ်အစွန်းများသော အခွင့်အလမ်းများကိုဆုံးရှုံးခဲ့ရပြီး အသီးအကြမ်းများ အဖြစ်သာ အဓိကထား တင်ပို့နေရဆဲဖြစ်ကြောင်း၊ အချိုရည်ယူနစ်များ၊ အခြောက်ခံစက်ရုံများ၊ ထုပ်ပိုးမှုဆိုင်ရာ အဆောက်အအုံများနှင့်စက်မှုလုပ်ငန်းဆိုင်ရာသင်တန်းများသည် မရှိမဖြစ်လိုအပ်ကြောင်းဆက်လက်ပြောကြားခဲ့သည်။

ကမ္ဘာ့သစ်သီးဝလံ စားသုံးမှုအများဆုံးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် ပါကစ္စတန်၏ ကြီးထွားမှုအလျင်မြန်ဆုံး ဈေးကွက် တစ်ခုအဖြစ် ပေါ်ထွက်လာခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ပါကစ္စတန်၏ သရက်သီးတင်ပို့မှုသည် တန်ချိန် ၁၁၅,၀၀၀ ကျော်ရှိပြီး ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ သန်း ၈၀ ရှိသည်။ တရုတ်နိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီး Khalil Hashmi က ငါးနှစ်အတွင်း တရုတ်နိုင်ငံသို့ တင်ပို့မှုနှစ်ဆတိုးရန် ရည်မှန်းထားကြောင်း China Economic Net သို့ ပြောကြားခဲ့ကြောင်း သိရသည်။

**Source : Tribune**

https://www.doca.gov.mm/

## မှာယူမှုနည်းပါးခြင်းကြောင့် ထိုင်းနိုင်ငံတွင် BYD Shark ရောင်းချမှုအား ဖျက်သိမ်းခဲ့




အမှာစာများနည်းပါးမှုကြောင့် BYD Thailand သည် Shark 6 PHEV ပစ်ကပ်ထရပ်ကားများအား မရောင်းချရန်ဆုံးဖြတ်ခဲ့ကြောင်း Autolifethailand.tv ၏ အဆိုအရသိရသည်။

၂၀၂၅ ခုနှစ် မတ်လ International Motor Show တွင် ဘွတ်ကင်မှာယူမှုများကိုစတင်ခဲ့ပြီး အစီးရေ ၅၀၀ သာမှာယူရန် ကန့်သတ်ထားသော်လည်း ၁၅၃ စီးသာ အော်ဒါမှာယူထားကြောင်း သိရသည်။

ပြည်တွင်းဖြန့်ချိရေးကုမ္ပဏီ Rever Automotive သည် ထိုအမှာစာ ၁၅၃ စောင်ကို ဖျက်သိမ်းရန်တောင်းဆိုနေပြီး ကြိုတင်မှာယူမှု အခကြေးငွေအား ကောက်ခံခြင်းမရှိကြောင်း ထိုင်းသတင်းစာမှ ဖော်ပြခဲ့သည်။

ဘတ် ၁ ဒသမ၇ သန်းအောက် (RM 223k) ဖြင့် Shark 6 PHEV သည် Toyota Hilux၊ Isuzu D-Max နှင့် Ford Ranger တို့၏ ဈေးနှုန်းထက်များစွာမြင့်ကြောင်း သိရသည်။

BYD Auto (Thailand) အထွေထွေမန်နေဂျာ Ke Yubin မှ Autolifethailand.tv နှင့် အင်တာဗျူးတွင် Shark သည် CBU China မှ တင်သွင်းသောကြောင့် အခွန် ၃၀ ရာခိုင်နှုန်းကျော် ပေးဆောင်ရသည့်အတွက် ထိုသို့ဈေးနှုန်းမြင့်တက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

BYD Shark သည် အရှည် ၅၄၅၇ မီလီမီတာ၊ အကျယ် ၁၉၁၇ မီလီမီတာ၊ အရှည် ၁၉၂၅ မီလီမီတာနှင့် ၃၂၆၀ မီလီမီတာ ဘီးတပ်ခုံတို့ပါရှိပြီး PHEV စနစ်တွင် ၁၈၄ PS/260Nm 1.5 လီတာတာဘို ဓာတ်ဆီအင်ဂျင်၊ 231 PS/310Nm အရှေ့ပိုင်း လျှပ်စစ်မော်တာ၊ 204 PS/340 Nm အနောက်ပိုင်းလျှပ်စစ်မော်တာနှင့် 29.58-kWh Blade LFP ဘတ်ထရီတို့ပါဝင်ကြောင်း သိရသည်။

**Source : Xinhua**

**DOCA (ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (17.9.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 17th Sep. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,001 (Shares) | 31,872,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,600 | +200 | +2.70% | 7,600 | 7,600 | 7,600 | 200 | 1,520,000 | 33,109,694 | 251,634 |
| MTSH | 00002 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,150 | 6,596 | 20,777,400 | 38,929,150 | 122,627 |
| MCB | 00003 | 7,500 | +100 | +1.35% | 7,500 | 7,500 | 7,500 | 111 | 832,500 | 10,400,986 | 78,007 |
| FPB | 00004 | 2,100 | +100 | +5.00% | 2,050 | 2,100 | 2,050 | 1,127 | 2,337,950 | 29,664,613 | 62,296 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 807 | 2,098,200 | 12,823,224 | 33,340 |
| EFR | 00006 | 1,950 | +50 | +2.63% | 1,850 | 1,950 | 1,850 | 2,048 | 3,938,850 | 19,977,223 | 38,956 |
| AMATA | 00007 | 3,350 | +50 | +1.52% | 3,300 | 3,350 | 3,300 | 62 | 204,750 | 10,497,598 | 35,167 |
| MAEX | 00008 | 3,250 | -50 | -1.52% | 3,250 | 3,250 | 3,250 | 50 | 162,500 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 17th Sep. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 370.80 | +5.81 | +1.59% | 364.61 | 370.80 | 364.61 | 11,001 | 31,872,150 | 8 | 699,393 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 17th Sep. 2025

| Trading Volume | Trading Value |
|---|---|
| 11,016 (Shares) | 31,912,650 (MMK) |

## Main Board

As of 1:00 pm, 17th Sep. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,001 (Shares) | 31,872,150 (MMK) |

| MYANPIX | 370.80<br>▲ 5.81 |
|---|---|
| Total Volume (shares) | 11,001 |
| Total Value (MMK) | 32 mil |
| Listed Company | 8 |
| Market Cap. (MMK) | 699,393 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,600 | ▲ 200 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 7,500 | ▲ 100 |
| FPB | 00004 | 2,100 | ▲ 100 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,950 | ▲ 50 |
| AMATA | 00007 | 3,350 | ▲ 50 |
| MAEX | 00008 | 3,250 | ▼ 50 |

TIR